*Volume 2 / Issue 9 /September / 2009*

*Enjoy free reading from B.C.F*

# † *Newsletter* - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## သိမှတ်ဖွယ်ရာ

- Time is the continuity of moments'.

And if you miss that moment, you lose an opportunity for ever.
အချိန် (Moments) သည်ဖြစ်စဉ်များစဉ်ဆက်မပြတ်ဆက်လက်ဖြစ်ပျက်နေခြင်းဖြစ်သည်။
ခြင်းဖြစ်သည်။ဖြစ်စဉ်တစ်ခုကိုလက်လွတ်သွားပါက၊ထိုဖြစ်စဉ်၏အခွင့်အရေးအစဉ်ဆုံးရှုံး
သွားမည်ဖြစ်ပါသည်။

- Do not take sins lightly however small they are. Just as drops of water gather and fill a jar, small sins gather to receive the big judgment of sins.
မည်မျှသေးငယ်သောဖြစ်စဉ်လေးဖြစ်ပါလေစေ၊ပေါ့ပေါ့ဆဆမတွက်ပါနှင့်။
ရေစက်လေးများစုပေါင်းခြင်းဖြင့်ရေအိုးပြည့်သွားသကဲ့သို့သေးငယ်သောအပြစ်များ
စုပေါင်း၍ကြီးမားသောတရားဆုံးဖြတ်မှုကိုခံရမည်ဖြစ်သည်။

- One who knows himself well does not enjoy getting praises from people.
မိမိကိုယ်ကိုမိမိကောင်းစွာသိသောသူသည်အခြားသူများထံမှချီးမွမ်းခြင်းကိုမခုံမင်ပါ။

- Without knowing me of the past, there is no me of today or tomorrow.
မိမိ၏အတိတ်ကိုမသိလျှင်သင်၌ယနေ့နှင့်မနက်ဖြန်မရှိပါ။

- My enemy is myself and not others.
မိမိ၏ရန်သူသည်မိမိပင်ဖြစ်သည်။အခြားသူများမဟုတ်ပါ။

Mailing Address - Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

## စိတ်ဝင်စားဖွယ်ရာ

By:John Ma

သချာ်ပုစ္ဆာ – တိုးပွားလာမည့်အလှူတော်ငွေ=?
သချာ်အဖြေ – ငါသည်မိုဃ်းကောင်းကင်ပြတင်းပေါက်တို့ကိုဖွင့်၍ကောင်းကြီးမင်္ဂလာကို
အကုန်အစင်သွန်းလောင်းမည်။ (မာလခိအနာဂတ္တိကျမ်း၊၃း၉)

သင်သည်နေ့စဉ်မှန်မှန်အလှူတော်ငွေအတွက်–
$ 1.00 စုလျှင် တစ်ပါတ်တွင် $ 7.00 ရရှိ၍ တစ်နှစ်လျှင် $ 365.00 ရမည်။
$ 0.50 စုလျှင် တစ်ပါတ်တွင် $ 3.50 ရရှိ၍ တစ်နှစ်လျှင် $ 182.50 ရမည်။
$ 0.25 စုလျှင် တစ်ပါတ်တွင် $ 1.75 ရရှိ၍ တစ်နှစ်လျှင် $ 91.25 ရမည်။

အကယ်၍–
အသင်းတော်တစ်ပါးတွင်နေ့စဉ်အလှူတော်ငွေ____ပေးလှူလျှင်စုစုပေါင်းမည်မျှရမည်နည်း။
$ 1.00 ပေးလှူသောအသင်းသူ/ သား 30 ရှိခဲ့လျှင်၊တစ်နှစ်တွင် $ 10,950.00 ရမည်။
$ 0.50 ပေးလှူသောအသင်းသူ/ သား 30 ရှိခဲ့လျှင်၊တစ်နှစ်တွင် $ 5,475.00 ရမည်။
$ 0.25 ပေးလှူသောအသင်းသူ/ သား 30 ရှိခဲ့လျှင်၊တစ်နှစ်တွင် $ 2,737.00 ရမည်။

တန်ဘိုးငွေ $10,950.00 ရှိသောအလှူတော်ငွေသည်အသင်းတော်၏ဂဏ္ဍာအသီးသီးမှာလိုအပ်သလိုအသုံးပြုနိုင်၏။ကျွန်တော်/ ကျွန်မတို့၏နေ့စဉ်ရရှိသောဆုကျေးဇူးတော်များသည်အမှန်မှာ $ 10.00 မကပါ။ $ 10.00 ၏အဆပေါင်းများစွာဖြစ်မည်။သို့ဖြစ်လျှင်၊သင်၏ 1/10 ဆယ်ဖို့တစ်ဖို့ကိုတွက်၍လှူသော်၊ အဆပေါင်းမြောက်များစွာဖြစ်လာလိမ့်မည်။

ကျွန်တော်/ ကျွန်မတို့ရရှိထားသောဆုကျေးဇူးကိုပြန်လည်ကာရေတွက်ကြည့်သော်၊–
(က) ကျန်းမာခြင်းကျေးဇူး၊ (ခ) အလုပ်လုပ်ခွင့်ရသောကျေးဇူး၊ (ဂ)အမေရိကားတွင်လာရောက်နေထိုင်ရသောကျေးဇူး၊ (ဃ) လွတ်လပ်စွာဝတ်ပြုကိုးကွယ်ခွင့်ရသောကျေးဇူး၊....
အစရှိသည်တို့မှာရေတွက်လို့မကုန်နိုင်ပါ။တန်ဘိုးဖြတ်၍လည်းမရနိုင်ပါ။ဤသို့တန်ဖိုးမဖြတ်နိုင်သောဆုကျေးဇူးများ၏ဆယ်ဘို့တဘို့ကိုမည်ကဲ့သို့တွက်ချက်ကာ၊သင်သည်တန်ဘိုးဖြတ်မည်နည်း။

ဆယ်ဘို့တဘို့ကိုပေးလှူကြသောသူတို့ကိုဘုရားသခင်သည်၊–
၁။မိုဃ်းကောင်းကင်တံခါးကိုဖွင့်ကာ၊ကောင်းကြီးမင်္ဂလာများသွန်းလောင်းမည်။
၂။မြေအသီးအနှံဖြစ်ထွန်းမည်။
၃။မင်္ဂလာရှိသောသူဟုခေါ်ခြင်းခံရမည်။
၄။သင်တို့ပြည်သည်နှစ်သက်ဘွယ်သောပြည်ဖြစ်မည်။–––ဟုဂတိတော်ရှိပါသည်။

ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်ရေးနှင့်ခရစ်တော်၏နာမတော်၌တည်ထောင်ထားသောအသင်းတော်များတိုးပွားရေးအတွက်ကျွန်တော်/ ကျွန်မတို့ရရှိထားသောဆုကျေးဇူးကိုရေတွက်ချီးမွမ်းယင်းတတ်နိုင်သည့်အလျှောက်ပေးလှူကြပါစို့။ ။

ယနေ့ကျေးဇူးတော်ကာလ၊အသင်းတော်များရှိယုံကြည်သူများသည်ဆယ်ဘို့တဘို့ပေးလှူခြင်းကိုဘုရားသခင်၏စကားကိုနာခံ၍သော်ငှင်း၊ပညတ်ချက်တစ်ခုအနေဖြင့်သော်ငှင်း၊ကျေးဇူးသိတတ်သောစိတ်ဖြင့်သော်ငှင်း၊သစ္စာနှင့်ပေးလှူကြပါစို့။ ။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# Put the Word in Motion



God loves us and desires to communicate with us on a daily basis. One of the ways He does this is through His written Word. When we spend time reading and studying the Bible, God speaks to us. Moreover, we feed our spirit the "nutrients" it needs to be healthy and strong like human baby nutrition.

The Apostle Paul wrote in 2 Timothy 2:15, ***"Study to show thyself approved unto God …."*** God wants more for us than just knowledge of His Word; He wants us to live by it so that we can effect change in our lives and in the lives of others. Our first step to living by His Word is studying it. We cannot very well apply it if we do not know what it says!

Many Christians are deceived into thinking they are spiritually mature because of what they know. However, spiritual maturity does not have anything to do with how long you have been saved or how many scriptures you can quote. The person who is spiritually mature goes beyond mere knowledge of the Word by making it his or her guide for living. A permanent change in our circumstances does not occur because we have memorized the Scriptures; it occurs when we apply God's Word to every corner of our lives.

The Word applies means **"to bring into action."** In order for the Word to work, you must add corresponding action to it.
James 2:20 says it like this: ***"Faith without works is dead."***

Too many Believers make the mistake of sitting back, hoping and praying their faith will work, instead of getting up and doing something to cause it to work. **For instance, if you are looking to prosperous, you must give the best to God, and also act well, do your best and share to others.**

**Tithing, Sowing seeds, Sharing, Teaching, Preaching and Healing these all are the corresponding actions of God's Words required for faith to work in your life. And then you will receive a harvest.**

It is time to take our knowledge of the Word (The Bible) to the next step and see it clear in our lives. **We should Read it, Study it, Do it and live by it,**

Then we will be able to hear God's voice, follow His instructions, and see His blessings showery….

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~ *By: - Ma Social* ~~~~~~~~

# လေနှင့်လှိုင်းတံပိုး၊မိုးသက်မုန်တိုင်းတို့ကိုနိုင်တော်မူသောသခင်ယေရှုခရစ်တော်

လွန်လေပြီးသောနှစ်ပေါင်း(၂၀၀၀)ကျော်အချိန်၌ပင်၊သခင်ယေရှုသည်တပည့်တော်တို့နှင့်အတူတံငါလှေဖြင့်အိုင်တဘက်သို့ရွက်လွှင့်၍ကူးသွားစဉ်တွင်၊သခင်ယေရှုသည်လှေဦး၌ကျိန်းစက်တော်မူခိုက်တွင်အိုင်၌မိုဃ်းသက်မုန်တိုင်းကျလာ၏။ ထိုအခါလှေသည်မိုးနှင့်လေဒဏ်ခံရသောကြောင့်လှိုင်းတံပိုးကြားဝယ်အလူးအလဲဖြစ်ကာ၊လှေတွင်းသို့ရေများဝင်၍တပည့်တော်များသည်ကြိုးစားလျက်လုပ်ဆောင်ပါသော်လည်းနစ်မြုပ်မည့်အရေးသို့ဆိုက်ရောက်လာခဲ့သည်။သခင်ကိုနှိုးပြီး၊ပျက်စီးခြင်းမှကယ်ဘို့ရန်လုံးလုံးအပ်နှံလိုက်ရာ၊လေနှင့်လှိုင်းသည်ငြိမ်း၍သာယာလေ၏။

ကျွန်ုပ်တို့ယုံကြည်သောဘုရားရှင်သည်"လေနှင့်လှိုင်းတံပိုး၊မိုးသက်မုန်တိုင်းကိုအောင်နိုင်တော်မူသောဘုရား" ဖြစ်တော်မူ၏။

ရေ၊လေ၊မြေနှင့်ပတ်သက်သောသဘာဝဘေးဒဏ်များသည်ဥတုရာသီပြောင်းလဲချိန်ခါ၌၊အပူ၊အအေးနှင့်ဖိအားတို့လွန်ကဲမှုကြောင့်၊တခါတရံတွင်ပြင်းထန်သည့်အန္တရယ်ကိုရင်ဆိုင်ရကြ၏။ဘေးအန္တရယ်အပေါင်းကြုံတွေ့သည့်အခါတိုင်း၊အလုံးစုံတတ်နိုင်တော်မူသောဘုရားရှင်ကိုသာအားကိုးခိုလှုံပါ။လူအများစုမှာ၊"မိမိတို့ခံရသောဝေဒနာနှင့်အနာများကြောင့်ကောင်းကင်ဘုံ၏အရှင်ဘုရားသခင်ကိုကျိန်ဆဲကြ၏။မိမိတို့အကျင့်ကိုလည်းနောင်တမရကြ"ဟုဗျာဒိတ်ကျမ်းတွင်ဆိုသည့်အတိုင်းဘုရားသခင်ကိုအပြစ်တင်လျက်ကျိန်ဆဲနေကြမြဲဖြစ်သည်။

သဘာဝမုန်တိုင်းအပြင်၊လောကမုန်တိုင်းသည်သင်၏အသက်တာတွင်အစဉ်အမြဲမထင်မမှတ်ဘဲရောက်လာတတ်သည်။ထို့ကြောင့်(၁ပေ၊၅း၈)၌၊"သမ္မာသတိရှိလျက်မအိပ်ဘဲစောင့်နေကြလော့၊သင်တို့၏ရန်သူတည်းဟူသောမာရ်နတ်သည်ဟောက်သောခြင်္သေ့ကဲ့သို့အဘယ်သူကိုမျိုရမည်နည်းဟူ၍လှည့်လည်ရှာဖွေလျက်ရှိ၏။သို့ဖြစ်၍၊လူပြည်အရပ်ရပ်တို့၌ရှိသောသင်တို့ညီအစ်ကိုများတို့သည်ထိုသို့သောဆင်းရဲကိုခံရကြသည်ဟုသိမှတ်လျက်ယုံကြည်ခြင်း၌တည်၍မာရ်နတ်ကိုဆီးတားကြလော့"ဟုသတိပေးထား၏။

သင့်အသက်တာတွင်လောကမုန်တိုင်းတည်းဟူသောသင်၏အိမ်ထောင်ရေး၊စီးပွားရေး၊ကျန်းမာရေးနှင့်လူမှုရေးစသည့်ဒဏ်ကိုခံနေရပါမူ၊ သင်၏အားအင်ဖြင့်မုန်တိုင်းကြားမှလွတ်မြောက်နိုင်ဘို့ရန်ခိုလှုံရာကိုရှာလေဝေးလေပါဘဲ။

မည်သည့်မုန်တိုင်းဖြစ်ပါစေ၊သဘာဝဒဏ်၊လောကဒဏ်ကြားတွင်လူးလိမ့်နေရသည်ဖြစ်စေပါမူ၊သင်၏စွမ်းအားဖြင့်ယောက်ယက်ခပ်ကာလုပ်ဆောင်ဘို့မကြိုးစားပါနှင့်။ခြေကုန်လက်ပမ်းကျ၍စုန်းစုန်းနစ်မြုပ်သွားလိမ့်မည်။မုန်တိုင်းထန်လေ၊ရုန်းထွက်ဘို့ခက်လေဆိုသောစကားသည်လက်တွေ့ကျပါသည်။သို့ဖြစ်၍၊ဘုရားရှင်ထံသို့သာလုံးလုံးအပ်နှံလိုက်ပါ။

ဤလောကတွင်လူအများခံစားရမည့်ဆင်းရဲခြင်းမျိုးမျိုးအတွက်ခံနိုင်ဘို့ရန်ခရစ်တော်ကိုယ်တော်တိုင်"ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့ငါ့ထံသို့လာကြလော့။ငါသည်ချမ်းသာပေးမည်"ဟုဂတိတော်ထားရှိသည်ကိုလစ်လျူမပြုပါနှင့်။တဖန်ဆက်လက၍၊"ငါသည်တကိုယ်တည်းနေသည်မဟုတ်။ခမည်းတော်သည်ငါနှင့်အတူရှိတော်မူ၏။သင်တို့သည်ငါ့ကိုအမှီပြု၍ငြိမ်သက်ခြင်းရှိစေခြင်းငှါဤစကားကိုငါဟောပြောပြီ။သင်တို့သည်လောက၏ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။သို့သော်လည်းမစိုးရိမ်ကြနှင့်၊ငါသည်လောကကိုအောင်ပြီ"ဟုမိန့်တော်မူခဲ့၏။ဘုရားရှင်၏ကောင်းမြတ်တော်မူခြင်းကိုအမြဲသတိရပါ။သို့မှသင်သည်ငြိမ်းချမ်း၍သာယာခြင်းသို့ရောက်လိမ့်မည်။။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~အမှုတော်မြတ်၌၊–ရီရီအေး